
mgyoe.com
စိတ်ကူးချိုချိုအနုပညာ

မောင်ထင်

# ကျွန်တော်ဘာ့ကြောင့်
# စာရေးရသလဲ



mgyoe.com

mgyoe.com

ကျွန်တော်သည် မိမိမလုပ်ချင်သော အလုပ်များကို လုပ်ခဲ့သည်မှာ
ဆယ်နှစ်ဆယ်မိုးမက ကြာသွားပြီ။ မြန်မာ့လွတ်လပ်ရေးလည်း မဝေးတော့ပါ။
ဗိုလ်ချုပ်အောင်ဆန်း၏ 'တစ်နှစ်အတွင်း လွတ်လပ်ရေး ရရမည်' ဟူသော
ကြွေးကြော်သံသည် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပဲ့တင်ထပ်လာပါပြီ။
မြန်မာနိုင်ငံ လွတ်လပ်ရေးရလျှင် ကျွန်တော်လည်း မင်းခယောကျ်ားဘဝမှ
လွတ်မြောက်အောင် ကြံဆောင်ရဦးမည်။
ထို့ကြောင့် ထိုအချိန်မှစ၍ 'ငါ စာရေးတော့မယ်' ဟု
စိတ်တွင် ကျိတ်၍ သန္နိဋ္ဌာန်ချလိုက်ပါသည်။
သို့သော် ဝမ်းရေးကိုအကြောင်းပြု၍ သတင်းစာနယ်ပယ်ထဲမှာ
ကျင်လည်နေခဲ့သော ကာလပရိစ္ဆေဒက များလှသည်ကို ဝန်ခံရပါမည်။
သတင်းစာလုပ်ငန်းနှင့် စာရေးဆရာလုပ်ငန်းမှာ ညီအစ်မတော်ပါသည်။
ထိုညီအစ်မနှစ်ယောက်စလုံးကို ကျွန်တော် သိမ်းပိုက်ထားသည်။
သူတို့ ကျွန်တော့်ကို ကြည်ဖြူကြပါသည်။ အချင်းချင်း ငြူစူသည်ဟု မရှိပါ။
ကျွန်တော်ကလည်း မယားမှတ်မှတ် သားမှတ်မှတ် ပေါင်းပါသည်။
ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကြောင့် သေသည်အထိ
စာရေးသွားနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။



မောင်ထင်

ကျွန်တော်ဘာ့ကြောင့် စာရေးရသလဲ

ISBN9789997117687
MGH11
9 789997 117687
700.00 KS

mgyoe.com

mgyoe.com

ကျွန်တော် ဘာ့ကြောင့်စာရေးရသလဲ၊ မောင်ထင်
မျက်နှာဖုံးဒီဇိုင်း - unsplash image
စာမျက်နှာ ၅၃ မျက်နှာ၊ ၁၀ • ၂ စင်တီ× ၁၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

နှစ် ၂၀ ပြည့် အမှတ်တရစာမွန်

# ကျွန်တော် ဘာ့ကြောင့်စာရေးရသလဲ

မောင်ထင်

[illegible] ၂၀၁၉

mgyoe.com

mgyoe.com

အာသီသမှာ ကျွန်တော်သည် မူလက
ထိုခေတ်လူငယ်တို့၏ ထုံးစံအတိုင်း
အသက်မွေးဝမ်းကျောင်းအလို့ငှာ
မိမိဝါသနာမပါသော အလုပ်တို့၌
များစွာ အချိန်ကုန်ခဲ့ပြီးနောက်
စာရေးခြင်းလုပ်ငန်း၌ ယနေ့တိုင် တစူးတစိုက်
လုပ်ကိုင်ဆောင်ရွက်နေပုံ စာပေကြိုးပမ်းမှု
သမိုင်းတစ်ကွက်ကို အများသူငါ
ဗဟုသုတ ရပါစေလိုသော အာသီသဖြစ်ပါသည်။

**မောင်ထင်**

[စာပေလောကတွင် ဖော်ပြခဲ့ဖူးသော ဤစာမူကို
ချယ်ရီမဂ္ဂဇင်းတွင် ပြန်လည်ဖော်ပြခဲ့သည်။
စာရေးသူ၏ ရေးသားချက်မှ]

mgyoe.com

mgyoe.com

[ ၁ ]

ကျွန်တော်သည် ဤအကြောင်းကို မဂ္ဂဇင်းအစောင်စောင်တို့၌လည်းကောင်း၊ ကျွန်တော်ရေးသော ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါးပေါင်းချုပ် စသည်တို့၏ နိဒါန်း၌လည်းကောင်း အကြောင်းတိုက်ဆိုင်လာသည်နှင့် အမျှ ရေးခဲ့ပြီး ဖြစ်ပါသည်။ ကျွန်တော်၏ စာကို အစဉ်တစိုက် ဖတ်ရှုလေ့လာသောသူတို့အဖို့ ဤအကြောင်းအရာသည် အဆန်းဟုတ်လိမ့်မည် မထင်ပါ။ သို့သော် ယခု ကြိုးကြားကြိုးကြား စကားမစပ်ရေးခဲ့သောအချက်အလက်များကို စည်းရုံးပေါင်းစု တင်ပြလိုပါသည်။

ဤသို့ တင်ပြရာ၌ မိမိ ရေးပြီးသား စာများကို ပြန်လည်ဖတ်ရှုကိုးကား၍ ပြန်ရေးသည် မဟုတ်၊ မိမိ

mgyoe.com

mgyoe.com.


၏ မှတ်ဉာဏ်ထဲတွင်ပေါ်သော အကြောင်းကိစ္စကို ဖြည့်စွက်တန်သရွေ့ ဖြည့်စွက်၍ တင်ပြလိုက်ခြင်းသာ ဖြစ်ပါသည်။

မှတ်ဉာဏ်ကို အားကိုး၍ ရေးသားသောအခါ ပမာဒလေခသဘောများ ပါချင်လည်း ပါပါလိမ့် မည်။ သို့သော် ပန်းချီဆရာသည် သစ်တောကြီး တစ်ခုလုံးကို ရေးခြယ်သောအခါ သစ်ပင်တစ်ပင်စီ တစ်ပင်စီကို ဝိသေသပြု၍ ရေးခြယ်လိမ့်မည်မဟုတ်။ သစ်တောကြီး တစ်ခုလုံးကိုသာ ခြုံ၍ ရုပ်လုံးဖော်လိမ့်မည်။ အသေးစိတ် တို့၌ ကြည်လင်ပြတ်သားခြင်း မရှိစေကာမူ တစ်ခုလုံး မှာကား သစ်တောကြီးဟူ၍ ပီပီပြင်ပြင် ပေါ်လာလိမ့် မည်။

ကျွန်တော့်အား ဘာကြောင့် စာရေးရသလဲဟု မေးလျှင် ကျွန်တော်က 'စာရေးသည်မှာ ရေးချင်လို့ ရေးတာပါ' ဟု ဖြေပါလိမ့်မည်။

စာတစ်လုံးကိုသော်လည်းကောင်း၊ စကား တစ်ခွန်းကိုသော်လည်းကောင်း အဖျားဆွတ်၍ အဓိပ္ပာယ်ကောက်တတ်သော သူတို့က ဤစကားကို ကြားလျှင် ကျွန်တော့်ကို 'ထေ့' သလိုလို၊ 'ငေါ့' သလိုလို 'စောင်း' သလိုလို အောက်မေ့ကြပါလိမ့်မည်။ အထူး သဖြင့် အကြောင်းကို မစူးစမ်းမိ ကောက်ချက်ချလေ့

mgyoe.com

mgyoe.com


ရှိသောသူတို့သည် ကိုယ်နှင့်နှိုင်း မရိုင်းဟူသောသဘော ဖြင့် ဤကဲ့သို့ အဖျားဆွတ်၍ အဓိပ္ပာယ် ကောက်တတ်ကြသည်။ ယင်းတို့ကို ဇွဲယူစရာဟု မယူဆပါ။

သို့သော် စာဖတ်သူသည် အဖြောင့်ကိုအဖြောင့်၊ အကောက်ကို အကောက်ဟူ၍ အဓိပ္ပာယ် ရှာတတ်ပါစေရန် စေတနာဖြင့် ကြို၍ ပြောရခြင်း ဖြစ်ပါသည်။

စာပေအဖွဲ့၌ ပရိယာယ်များစွာ ရှိပါသည်။ အနုပညာမာယာဟု ခေါ်လိုက ခေါ်နိုင်ပါသည်။ အဖြူကို လို၍ အမည်းကိုဆိုခြင်း၊ အမည်းကိုလို၍ အဖြူကို ဆိုခြင်းဟူသော သဘောမျိုးကို စာပေ၌ ဝါသနာရင့်လာသူတို့ တွေ့ဖူးကြပါလိမ့်မည်။ စာရေးသူက အတည်ပေါက်ပြောနေသည်မှာ ဟာသကို ရည်ရွယ်ရင်း ဖြစ်နိုင်သည်။ စာရေးသူက အပြောင်အပြက်ကို ဖွဲ့နွဲ့သော်လည်း အတည်ပြောတာ ဖြစ်နိုင်သည်။ ထိုကဲ့သို့သောအခါမျိုး၌ စာဖတ်သူစိတ်ထဲတွင် ယောနိသော မနသိကာရတရားကို နှလုံးသွင်းနိုင်လျှင် စာရေးသူ၏ အာဘော်ကို မိမိရရ ယူနိုင်သည်။ သို့မှသာလျှင် ရယ်စရာထဲမှ အလွမ်းကိုတွေ့ရမည်။ လွမ်းစရာထဲမှ စိတ်ဖြေစရာကို တွေ့ရမည်။ စာရေးသူ၏ အာသီသကိုသိမှ မိမိဖတ်ရှုသော စာထဲ၌ ပါဝင်သော အသိတရားတို့သည် စာဖတ်သူကို ကောင်းစွာ အကျိုးပြု

mgyoe.com

mgyoe.com


နိုင်ပါလိမ့်မည်။ ယင်းသို့ စာဖတ်တတ်လျှင် အသိတရားမပါသောစာကို ဖတ်မိသည့်တိုင်အောင် တရားသံဝေဂ ရယူနိုင်ပါမည်။

ဖန်တီးသောသူသည် ဖန်တီးချင်သောစိတ်ရှိမှသာလျှင် သူ၏ ဖန်တီးမှုကောင်းနိုင်မည်။ အလုပ်တစ်ခုကို မလုပ်ချင်ဘဲနှင့် ဖျစ်ညှစ်၍ လုပ်နေလျှင် ထိုအလုပ်သည် ရွှက်ကြမ်းရေကျို့မျှပင် ထွန်းပေါ်လာမည် မဟုတ်ချေ။ အထူးသဖြင့် ဖန်တီးခြင်းလက်ာနှင့် စပ်ဆိုင်သော အနုပညာ အလုပ်သမားသည် မဖန်တီးချင် ဖန်တီးချင်နှင့် အလုပ်လုပ်သော် ထိုအလုပ်ကို အရသာခံသော သူတို့၏စိတ်တွင် အရသာပေါ်နိုင်လိမ့်မည် မဟုတ်ချေ။

ထို့ကြောင့် လုပ်ချင့်သည်ဟူသော ဆန္ဒ၊ ပြောချင်သည်ဟူသော ဆန္ဒ၊ ရေးချင်သည်ဟူသော ဆန္ဒမပါဘဲနှင့် လုပ်ချင်တာလည်း မဖြစ်နိုင်၊ ပြောချင်တာလည်း မပြောနိုင်၊ ရေးချင်တာလည်း မရေးနိုင်။ ဆန္ဒ၏ စွမ်းအားသည်သာလျှင် ဖန်တီးမှုကို အထမြောက်အောင် ဆောင်ကြဉ်းပေးနိုင်သည်။

သို့သော် ဆန္ဒဆိုသည်မှာလည်း ဓမ္မတာနှင့် မဆန့်ကျင်ရချေ။ တရားသဖြင့်လည်း ဖြစ်ရမည်။ မိမိတွင် ခြေလက်အင်္ဂါ မစုံပါဘဲနှင့် ရေကူးချန်ပီယံ

mgyoe.com

mgyoe.com


ဖြစ်လိုသော် စိတ်မောရုံသာ ရှိမည်။

ကကြီး ခခွေး မရေးတတ်ဘဲနှင့် စာရေးဆရာ ဖြစ်လိုသည်။ အရောင်းအဝယ် မတတ်ဘဲနှင့် သူဌေး ဖြစ်လိုသည်။ မိမိအိမ်သူအိမ်သားကိုမျှ နိုင်အောင် မအုပ်ချုပ်တတ်ဘဲနှင့် သူကြီးဖြစ်လိုသည်။ ယင်းတို့ သည်လည်း အလိုဆန္ဒဖြစ်ကြပါ၏။ သို့သော် တရားသဖြင့် လိုချင်တာ ဟုတ်ပါရဲ့လား။ တရားသဖြင့် မဟုတ်လျှင် လိုတာမရဖြစ်၍ စိတ်ဆင်းရဲရလိမ့်မည်။

တကယ်လိုချင်လျှင် တကယ်ဖြစ်အောင် ကြိုးစားကြရမည်။ စာမတတ်သေးသူက စာတတ်အောင် ကြိုးစားလျှင် စာရေးဆရာဖြစ်ချင် ဖြစ်နိုင်မည်။ အရောင်းအဝယ် မတတ်သူက တတ်အောင် ကြိုးစားလျှင် သူဌေးဖြစ်ချင် ဖြစ်နိုင်မည်။ မအုပ်ချုပ်တတ်သူက စီမံအုပ်ချုပ်တတ်အောင် ကြိုးစားလျှင် အကြီးအကဲ ဖြစ်ချင်ဖြစ်နိုင်သည်။

ဝါသနာဘာဂီ ဆက်တိုင်းမှီဟူသော စကား အတိုင်း စိတ်ဆန္ဒ၏ အရင်းခံဖြစ်သော ဝါသနာသည် အလွန်အရေးကြီးပါသည်။ လွတ်လပ်ရေးရပြီးစခေတ် က ရှုမဝမဂ္ဂဇင်းတွင် “ဝါသနာ” ဟူသော ဆောင်းပါး ကို ရေးခဲ့၏။ ထိုဆောင်းပါး၌ ကျွန်တော်သည် ဝါသနာမပါသောအလုပ်ထဲ၌ တဝဲလည်လည်နေခဲ့ရာ

mgyoe.com

mgyoe.com


မှ ဝါသနာပါသော အလုပ်သို့ ရှေးရှုလာပုံကို တစေ့တစောင်း ဖော်ပြခဲ့၏။

သို့သော် ကျွန်တော်၏ မူလဝါသနာမှာ စာရေးခြင်းမဟုတ်ပါ၊ စာဖတ်ခြင်းသာ ဖြစ်ပါသည်။

စာဖတ်တတ်စအရွယ်၌ ကျွန်တော်သည် မြန်မာ့အလင်း မဂ္ဂဇင်း၊ သူရိယသတင်းစာ၊ မစ္စတာမောင်မှိုင်းမှာတော်ပုံ၊ အန်တိုနီယိုကုန်သည်ဝတ္ထု၊ မောင်သောကအိပ်မက်ခန်း၊ ရူပနန္ဒီ၊ ခင်မြင့်ကြီး၊ ရတနာပုံ၊ တစ်ကိုယ်တော် စသည့် စာပေတို့နှင့် ကံအားလျော်စွာ ဝင်၍တိုးခဲ့၏။ ကံအားလျော်စွာဟုဆိုရာ၌ အလွန်ကံကောင်း၍ဟု ဆိုချင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုခေတ်ကာလက ဇနပုဒ်သာသာရှိသော ကျွန်တော်၏ မွေးရပ်မြေ၌ ထိုစာပေ ဗဟုသုတတို့ကို ရန်ကုန်မှ မှာယူဖတ်ရှုသူများမှာ ကျွန်တော်၏ ဖခင်တစ်ဦးတည်းသာ ရှိသည်။ စင်စစ် ဖခင်၏ ကျေးဇူးကြောင့်သာလျှင် စာဖတ်ဝါသနာပါရခြင်း ဖြစ်သည်။

ရူပနန္ဒီနှင့် ရတနာပုံဝတ္ထုတို့မှာ စာပေအဖွဲ့အနွဲ့အားဖြင့် ရိုးသားရှင်းလင်း၍ ဖတ်သမျှကို ကျွန်တော်နားလည်သည်ဟု ဆိုနိုင်ပါသည်။ ယင်းတို့ကို ဖတ်ပြီးသော် စိတ်ကူးအမျိုးမျိုး ကူးတတ်သည်။ တစ်ခါတစ်ရံ

mgyoe.com

mgyoe.com



ဖတ်ရင်းဖတ်ရင်းနှင့် မည်သူ့ကို လွမ်းရမှန်းမသိဘဲ နှင့် လွမ်းခဲ့၏။ သို့သော် စာရေးဆရာကြီးတို့၏ အာဘော် ဆိုသည်ကိုမူ ဉာဏ်မမီသေးပါ။

ထမင်းချက်ရင်း စာဖတ်သောကြောင့် ထမင်း အိုး တူး၏။ ကလေးထိန်းရင်း စာဖတ်သောကြောင့် ကလေးလိမ့်ကျ၏။ အိမ်စောင့်ရင်း ဖတ်သောကြောင့် မီးဖိုချောင်ထဲ ခွေးဝင်၍ ဟင်းအိုးလျက်၏။

ရွာကျောင်းမှ မြို့ကျောင်းသို့ပြောင်း၍ အင်္ဂလိပ် စာသင်ယူစဉ်အခါ ကျောင်းစာကိုချည်း သင်အံ လေ့ကျက်သည် မဟုတ်။ နံပါတ် ၄၀၊ နံပါတ် ၈၀ ပြဇာတ်စာအုပ်များမှအစ မုန့်ဖိုးထဲမှ ပိုက်ဆံစုပြီး ဝယ်ရသော ဒဂုန်မဂ္ဂဇင်းအထိ လက်လှမ်းမီသမျှကို ဖတ်၏။ နံပါတ် ၄၀၊ နံပါတ် ၈၀ ဆိုသည်မှာ စာမျက် နှာ ၄၀၊ စာမျက်နှာ ၈၀ ကို အကြောင်းပြု၍ ကျူလယာ ဆိုင်က စာအုပ်ရောင်းကုလားပေးသော နာမည်များ ဖြစ်ပါသည်။

မြောင်းမြမြို့၊ စာရေးကုန်းလမ်းတွင် သုစရိတ ယုဝအသင်း တည်ထောင်သောအခါ စာဖတ်ခန်း တစ်ခုကို ဖွင့်သည်။ ထိုစာဖတ်ခန်းသည် ကျွန်တော့် ဦးနှောက်ထဲတွင် နိုင်ငံရေးအသိတရားတို့ကို မျိုးစေ့ ချပေးသော စာဖတ်ခန်းဖြစ်ပါသည်။

mgyoe.com

mgyoe.com


သင်ပုန်းကြီးကုန်သောအခါ စာမှန်သမျှကို ဖတ်တတ်ပြီဟု အထင်ကြီးခဲ့၏။ သို့ရာတွင် တကယ် ဖတ်ကြည့်သောအခါ ဒွေးချိုးကိုမျှပင် ဌာန်ကရိုဏ်း ကျအောင် မဖတ်တတ်ပါတကားဟု နားလည်လာ သည်။ သို့ရာတွင် အရှုံးမပေးပါ။ နားမလည်လျှင် လည်အောင်ဆို၍ မစ္စတာမောင်မှိုင်းရေးသမျှ ဋီကာ ဂဏ္ဍိတို့ကို ထပ်ကာထပ်ကာ ဖတ်ရှုခဲ့၏။ ကျွန်တော် ၏ ဖခင်က ၎င်းဋီကာဂဏ္ဍိတို့ကို လက်ဖက်ရည်ကြမ်း ဝိုင်း၌ သူတစ်ပါးတို့အား ဖတ်ပြသည်ကိုလည်း နားထောင်ခဲ့၏။ မျက်စိယဉ်၊ နားယဉ်ဖြစ်လာသော အခါကျမှ လေးချိုးကြီးမှအစ ရာဇဝင်၊ မဟာဝင်၊ အာဒိကပ္ပကျမ်းစသည်တို့ကို ဖတ်ရှု၍ အဓိပ္ပာယ် ရေးတေးတေးရှိလာ၏။ ထိုအခါ၌ ခေတ်ပေါ်ဖြစ်သော စာပေများအထဲမှ ပီမိုးနင်း၏ လောကဓာတ်ကျမ်းကို လည်း ဖတ်၏။ ဦးတုတ်ကြီး၏ သရာဇကျမ်းကို လည်း ဖတ်၏။ ဆရာတော် ဦးဥတ္တမ၏ ဂျပန်ပြည် အကြောင်းကိုလည်း ဖတ်၏။ မြင်းခြံဦးနီ၏ အုပ်ချုပ် ရေး ဥပဒေအကြောင်းကိုလည်း ဖတ်၏။ ဦးဘဇော် တိုင်းရေး ပြည်ရေး ပညာအကြောင်းကိုလည်း ဖတ်၏။

ဖတ်လေဖတ်လေ မသိတာတွေ များလှပါက လားဟု နားလည်လာလေလေ။ မသိတာကို သိအောင်

mgyoe.com

mgyoe.com


ဖတ်၏။ တစ်ခုသိသောအခါ မသိတာ နှစ်ခု တိုးလာ၏။ ထို့ကြောင့် ထပ်ပြီးသိအောင် ဖတ်၏။ ယနေ့တိုင် ဖတ်လို့မဆုံးပါ။

ကျွန်တော်တို့ခေတ်က ကျောင်းသူ ကျောင်းသားတိုင်း ဂန္ထဝင်မြောက်စာပေကို အခြေခံ၍ သင်ယူခဲ့ရ၏။ မြန်မာစာပေကို လေ့လာသည်ဖြစ်စေ၊ အင်္ဂလိပ်စာပေကို လေ့လာသည်ဖြစ်စေ အတိတ်ကာလက ထွန်းကားခဲ့သော စာပေညာဏ်ကြီးရှင်တို့နှင့် အဆက်မပြတ်ရအောင် သင်အံလေ့လာ ကျက်မှတ်ကြရသည်။ မျက်မှောက်ခေတ်စာပေတို့နှင့်လည်း ရင်းနှီးလျက်ရှိသောကြောင့် ရှေးခေတ်နှင့် နှောင်းခေတ်တို့၏ ကွင်းဆက်ကို ကျွန်တော်တို့ ကောင်းစွာမြင်ခဲ့ရ၏။

တက္ကသိုလ်တွင် ပညာဆည်းပူးသောအခါ အလွန်အပြောကျယ်သော အနောက်တိုင်း ဝိဇ္ဇာသိပ္ပံပညာရပ်တို့၏ တန်ဖိုးကို တစ်စတစ်စ သိရှိနားလည်ရ၏ ။

သိပ္ပံပညာရပ်နှင့် နဖူးစာဆုံသောအခါ ကျွန်တော်သည် ဆရာဝန်ဖြစ်လေမလားဟု ဖားကိုခွဲ ကြည့်ရင်းနှင့် ခွေးဋီကာကို အော်၍ဖတ်၏။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ စာများမှာ အော်ဖတ်မှ အရသာရှိသည်။

ထို့နောက် သိပ္ပံနှင့်ကွဲ၍ ဝိဇ္ဇာနှင့် ညားရပြန်

mgyoe.com

mgyoe.com


သော် ပုဂံကျောက်စာကို ဖတ်ရင်းနှင့် ဒါဝင်[၁] ကိုလည်းကောင်း၊ ဟတ်ဇလီ သားအဖနှင့် ညီအစ်ကို[၂] တို့ကိုလည်းကောင်း၊ ဂေါကီ[၃] နှင့် ဒေါစတော့ယက်စကီ[၄] ကိုလည်းကောင်း၊ မိုပါဆွန်း[၅] နှင့် ပရုစ်[၆] တို့ကိုလည်းကောင်း ဖတ်မိပြန်သည်။

အာရုံတစ်ခု၌ ကပ်ငြိနေ၍ ငြီးငွေ့လာသောအခါ ကျွန်တော်သည် တခြားအာရုံအသစ်တစ်ခုသို့ ပြောင်းလိုက်၏။ ထိုသို့ အာရုံပြောင်းသောအခါ စိတ်တို့သည် ပြန်လည်လန်းဆန်းလာသည်။ ဤသို့လျှင် ကျွန်တော်သည် သိပ္ပံဘာသာကို သင်ယူနေစဉ်က ဝိဇ္ဇာဘာသာရပ်တို့၏ အဓိကဖြစ်သော စာပေအနုပညာကို ကျောင်း၏ ပြင်ပလုပ်ငန်းတစ်ရပ် အနေဖြင့် အာရုံပြောင်းရန် လိုက်စားခဲ့၏။ ဝိဇ္ဇာပညာရပ်တို့ကို သင်ယူသောအခါ၌ကား သိပ္ပံပညာတွင် အဓိကဖြစ်သော ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒတို့ကို အပိုပညာရပ်များအနေဖြင့် အာရုံပြောင်းရင်း လိုက်စားခဲ့ပြန်၏။ သို့ရာတွင် ကျွန်တော်မနိုင်သော ဓာတ်တွေအများကြီးရှိသည်။ သင်္ချာ၌ ကျွန်တော်သည် ကျောင်း

(၁) Darwin (၂) Huxley (၃) Gorky
(၄) Dostoyevsky (၅) Maupassant
(၆) Proust

mgyoe.com

mgyoe.com



နေစဉ်ကပင် သင်ရင်းနှင့် ချာခဲ့သည်။ သို့ပါသော်ငြား လည်း သိချင်စိတ်၊ တတ်ချင်စိတ်ရှိသောကြောင့် သချာ ဆိုင်ရာစာပေတို့ကို ဖတ်ရှု၏။ ထို့ကြောင့် သူနှင့်လည်း အကျွမ်းတဝင်ရှိပါသည်။ တတ်သလားဟုမေးလျှင် တစ်လုံးမျှ မတတ်ပါဟု ဖြေပါမည်။ မြန်မာစာပေ သည် ဗေဒင်ကျမ်း၊ နက္ခတ်ကျမ်းတို့နှင့် မကင်းပါ။ ဗေဒင်ဟုဆိုသည်နှင့် တစ်ပြိုင်နက် နောဇကေနော နဝဒွေ အဋ္ဌသာဒသ * ဟူ၍ တွက်ရ၊ ချက်ရတော့မည်။ ဤဒွိ ကိုးကြောင်းလက်ာကိုပင် လက်မြှောက်ခဲ့ရသော ကြောင့် ယနေ့တိုင် ပြိဿ၊ မိဿ၊ မေထုန်၊ ကရကဋ် တို့ကို ဆယ့်နှစ်ခွင်စဉ်၍ မချတတ်ပါ။ ဝါသနာဆို သည်မှာ အထက်တွင်ဆိုခဲ့သည့်အတိုင်း မိမိတကယ် လိုချင်သော ဆန္ဒရှိရာ ရှိရာဒွိသာလျှင် ထူးချွန်မည် ဖြစ်သည်။

စာပေဒွိ ဝါသနာပါသည့်အလျောက် မြန်မာ့ တိုင်းရင်းသားကျောင်းတွင် သတိုးပိယခေါ် ပျဉ်းမနား ဆရာဦးချစ်စရာ၏ တပည့်အဖြစ် ခံယူသည့်နေ့မှစ၍ တက္ကသိုလ်တွင် မြန်မာစာပေကို အင်္ဂလိပ်စာပေနှင့် ယှဉ်တွဲ၍ သင်ယူသည်အထိ ခေတ်အလျောက် ဖြစ် ထွန်းတိုးတက်သမျှသော စာပေရေအလျဉ်ကို အစဉ်

* အဋ္ဌရသ

mgyoe.com

mgyoe.com


မှတ်သားလေ့လာခဲ့ပါသည်။ ထိုခေတ်က ကျောင်းသားတို့၏ သဘာဝအတိုင်း ကျောင်းမဂ္ဂဇင်း၊ တက္ကသိုလ်မဂ္ဂဇင်းတို့တွင် တောက်တိုမည်ရများကို ရေးသားခဲ့ဖူးပါ၏။ ဤအကြောင်းကို တက္ကသိုလ် နှစ် ၅၀ ပြည့်မြောက်သော ရွှေရတုသဘင် အထိမ်းအမှတ် စာစောင်တို့တွင် ဖော်ပြပြီး ဖြစ်ပါသည်။ သို့ရာတွင် ယင်းကဲ့သို့ရေးသမျှကို စာပေမြောက်ပြီဟု မယူဆခဲ့ပါ။ အပျော်တမ်း လက်တည့်စမ်းသောသဘော ရှိသဖြင့် ထိုထိုသော မဂ္ဂဇင်းများ၌ ဆောင်းပါးရေးခြင်းအားဖြင့် တစ်နေ့သော် စာရေးဆရာဖြစ်လာရမည်ဟု မိမိကိုယ်ကို မိမိ မထင်မိ၊ မတွေးမိပါ။

အမှန်မှာ ကျောင်းမဂ္ဂဇင်း၊ တက္ကသိုလ်မဂ္ဂဇင်း၊ သမဂ္ဂမဂ္ဂဇင်းစသည်တို့၌ ဆောင်းပါးရေးပါသည်ဟု ဆိုရငြားသော်လည်း မြန်မာစာပေကို လေ့လာနေသော ကျောင်းသားတစ်ဦးပီပီ ခံ့ခံ့ညားညား ထည်ထည်ဝါဝါ စသည်တို့ကို ရေးဝံ့သည် မဟုတ်ပါ။ ထိုခေတ်က စာရေးသည်ဆိုသည်မှာ ယခုခေတ်မှာကဲ့သို့ ရေးချင်ရာရေးသည်ကို ထည့်ချင်ရာထည့်ကြသော သဘောမရှိ။ စနစ်တကျ တည်းဖြတ်သော သဘောရှိသည်။ အယ်ဒီတာ၏ အရှိန်အဝါက ကြီးမားနေသောအခါ မြန်မာစာကိုယူသော ကျောင်းသားဟုဆိုပြီးလျှင် ကာရန်ဝါကျ

mgyoe.com

mgyoe.com



မညီသောစာမျိုးကို ရေးမိမှာ အလွန်စိုးပါသည်။ ထို့ကြောင့် များသောအားဖြင့် ရယ်စရာ မောစရာ အင်္ဂလိပ်ဆောင်းပါးများကို ရေးခဲ့သောကြောင့် ထိုခေတ်က ကျွန်တော်နှင့် ကျောင်းနေဖက်တို့က ကျွန်တော်၏ မြန်မာစာအရေးအသားကို မည်သို့မျှ အသိအမှတ်မပြုကြပါ။ သူတို့က ကျွန်တော် အင်္ဂလိပ်လို ရယ်စရာ ရေးသောအခါ အင်မတန် ရယ်ရသည်ဟူ၍သာ ချီးမွမ်းသြဘာ ထောမနာပေးကြသည်။

၁၉၃၀ ပြည့်နှစ်သည် မြန်မာ့သမိုင်းတွင် အလွန်ထူးခြားသော မှတ်တိုင်တစ်တိုင်ဖြစ်သည်။ ထိုနှစ်မှ အစပြု၍ တောင်သူလယ်သမား အရေးတော်ပုံ၊ ကုလားမြန်မာအဓိကရုဏ်း၊ တို့ဗမာအစည်းအရုံး၊ ခေတ်စမ်းစာပေ၊ နဂါးနီစာအုပ်အသင်းစသော လှုပ်ရှားမှုတို့သည် ဆက်တိုက် တစ်ခုနှင့်တစ်ခုထပ်၍ ပေါ်ပေါက်ခဲ့လေသည်။ တက္ကသိုလ်နယ်မြေတွင် မောင်စိန်တင်၊ မောင်သိန်းဟန်၊ မောင်ဇမောင်၊ မောင်ညွှန့်၊ မောင်ဝန်၊ မောင်တိုးအောင်၊ မောင်စောမောင်၊ မောင်ချမ်းမြစသော လူငယ်များသည် စာပေ၌ ထထကြွကြွ ဖြစ်လာကြသည်။ ထိုသူတို့၏ အဖွဲ့အနွဲ့သည် အမျိုးမျိုးဖြစ်၏။ ယင်း အမျိုးမျိုးတို့ကို သဘောတူရာတူရာ စစ်တမ်းထုတ်ကြည့်သော် ရှေးဟောင်း စာပေအနုပညာ

mgyoe.com

mgyoe.com



ပေါ်၌ အသစ်အသစ် ထပ်လောင်း၍ တီထွင်ရန် ဟူသော အာသီသ တစ်ခုနှင့် ရှေးဟောင်း ဂန္ထဝင်တို့ကို ပြန်လည်ထုတ်ဖော်၍ မူမပျက် ထိန်းသိမ်း ရန်ဟူသော အာသီသတစ်ခုဟူ၍ နှစ်မျိုးရှိသည်ကို တွေ့ရမည်။ သို့သော် ယင်းအာသီသနှစ်မျိုးကို နောက်ထပ် စစ်ဆေးကြည့်လျှင် ခြားနားသည်ဟု ဆိုနေသည့်ကြားထဲမှာပင် ရှေးဟောင်းစာပေ အနုပညာအပေါ် အသစ်ထပ်လောင်း၍ တီထွင်ရန်ဟူသော ရည်ရွယ်ချက်နှင့် ရှေးဟောင်းအနုပညာ ပစ္စည်းတို့ကို ပြန်လည် ထုတ်ဖော်ရန်ဟုဆိုသော ရည်ရွယ်ချက်မှာ ကုလားနှင့် အရာကြီးကဲ့သို့ အတူတူဖြစ်ရပုံကို တွေ့ရပါလိမ့်မည်။

ဤသဘောသည် ကမ္ဘာ့စာပေတို့၌ ဖြစ်မြဲဓမ္မတာပေတည်း။ အီတလီနိုင်ငံ၌ နိုင်ငံရေးသဘောတရားတို့ကြောင့် လက်တင်ကချည်း လွှမ်းမိုးခဲ့၏။ စာပေဟုပြောလျှင် အီတာလျံ စာပေဟူ၍ ပြစရာမရှိ။ လက်တင်လို ဖွဲ့နွဲ့ထားသော ဓမ္မသီချင်းများ၊ အဲပစ်လင်္ကာကြီးများ၊ လစ်ရစ်ဂီတကဗျာများ စသည်တို့သာလျှင် လွှမ်းမိုးလျက်ရှိ၏။ ဤအတွင်း ရှေးကရောမဟုဆိုခဲ့ရာမှ ယခုအခါ 'အီတလီကွ' ဟု ကြုံးဝါးလိုသော သဘောတရားများ ပေါက်ဖွားလာသည်။ ထိုအခါ ခေတ်မီလိုသူတို့က အီတလီ၏ ရှေးဟောင်း

mgyoe.com

mgyoe.com


စာပေ အနုပညာပစ္စည်းတို့ကို ပြန်လည်ဆန်းသစ်အောင် ဖန်တီး၍ ထုတ်ဖော်လိုကြသည်။ ရှေးဆန်သောအစိတ်အပိုင်းကမူကား ရှေးဟောင်း ဂန္ထဝင်ပစ္စည်းတို့ကို ဂရိပညာရှင် ဟုမွာ၏ခေတ်၊ ရောမပညာရှင် ဗာဂျီ၏ ခေတ်ကအတိုင်းပင် ထိန်းသိမ်းကြပြီးလျှင် ယင်းတို့ကို မူမပျက် ထိန်းသိမ်းထားလိုကြသည်။

ကမ္ဘာ့စာပေအမျိုးမျိုးကို လေ့လာကြည့်လျှင် ဤပြန်လည်ဆန်းသစ်သော ရီနေဆွန်း သဘောတရားကို နိုင်ငံတိုင်း၌ တွေ့ရသည်။ ခေတ်တိုင်း၌လည်း တွေ့ရသည်။

အဆိုပါ ၁၉၃၀ ခေတ်တွင် 'ခေတ်စမ်းကဗျာ' နှင့် 'ခေတ်စမ်းပုံပြင်' တို့ ပေါ်ပေါက်သည်။

ဤသည်တွင် သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ် စသည်တို့ ထင်ရှားလာကြ၏။ ထိုအခါ ဗန္ဓုတည်းဟူသော အဖွဲ့အနွဲ့၌ စာဒကတက်လာကြသည်။ သိပ္ပံမောင်ဝစသောသူတို့က ပုဂံခေတ်ကို နမူနာယူ၍ ယင်းခေတ်ကို ခေတ်စကားဖြင့် ပြန်ဖော်ရန် အားထုတ်ကြ၏။ ဤသည်တွင် ဝါကျတိုကလေးများဖြင့် လိုရင်းရောက်အောင် ဆွဲဆောင်သော အဖွဲ့အနွဲ့တို့ ပေါ်လာသည်။ ဤသည်ကို အကြောင်းပြု၍ ခေတ်စမ်းစကားပြေ ဆိုသည်မှာ စက်ပျက်နေသော မော်တော်

mgyoe.com